# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

e-NEWSLETTER

VOL.4, N0.5
MAY 2025


## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက် ဦးညွတ်ဂါရဝပြု







ဧပြီလ ၁ ရက်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ဝ၂ စက္ကန့်အချိန်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက်အဖြစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ (၇) ရက်ကို နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှု အဖြစ် ဧပြီလ ၁ ရက်နေ့၊ ၁၂ နာရီ ၅၁ မိနစ် ဝ၂ စက္ကန့်အချိန်တွင် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူထားသောအလံတိုင်ရှေ့၌ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွတ်ဂါရဝပြုခြင်း အခမ်းအနားကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုံးချုပ် (ရန်ကုန်)၊ နေပြည်တော် (ရုံးခွဲ)၊ မန္တလေး (ရုံးခွဲ) ၊ စစ်တွေ (ရုံးခွဲ) နှင့် ပုသိမ် (ရုံးခွဲ) တို့တွင်လည်း ကျင်းပပြီး မြေငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့သူများ၊ စည်းစိမ်ဥစ္စာပျက်စီးခဲ့သူများအတွက် ဆုတောင်းမေတ္တာ ပို့သခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

စာ ၄




လူ့အခွင့်အရေးကော်မရှင်မှ ငလျင်ဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ခဲ့မှု အတွေ့အကြုံရှင်းလင်းပွဲပြုလုပ်ခြင်း

စာ ၄



ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) နယ်ထိန်း (အရာရှိ) သင်တန်းအမှတ်စဉ် (၃၆/၂၀၂၅) သို့ သင်ခန်းစာ သွားရောက်ပို့ချ

စာ ၆



အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း

စာ ၇



၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပထမ (၃) လပတ်ထောက်ပံ့ငွေစာရင်းသုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခြင်း

စာ ၈



ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၃/၂၀၂၅) သို့ သင်ခန်းစာ သွားရောက်ပို့ချ

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက် (၄/၂၀၂၅)

ဧပြီလ ၄ ရက်

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်၊ သောကြာနေ့၊ မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ဝ၂ စက္ကန့် အချိန်တွင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်နှင့် ယင်း၏ နောက်ဆက်တွဲ ငလျင်များကြောင့် များစွာသော အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှု၊ ပူဆွေးသောကရောက်မှုများအတွက် ပြည်သူလူထုတစ်ရပ်လုံးနှင့် ထပ်တူ စိတ်ထိခိုက်ဝမ်းနည်း ကြေကွဲရပါသည်။

၂။ ငလျင်ဒဏ် ခံစားခဲ့ရသော ဒေသများတွင် တိုက်တာ အဆောက်အအုံများ၊ လူနေအိမ်များ၊ အစိုးရရုံးများ၊ တက္ကသိုလ်များ၊ စာသင်ကျောင်းများ၊ ဘုရားပုထိုးစေတီများ၊ ဘာသာရေးအဆောက် အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများနှင့် လမ်းတံတား၊ ရေတွင်း ရေကန်များ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ အဆိုပါ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားချိန်မှ စတင်၍ နိုင်ငံတော်အစိုးရ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၊ ပြည်တွင်း ပြည်ပ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များနှင့် မိဘပြည်သူများက အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်း၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများနှင့် ဆေးဝါးပစ္စည်းစသည်တို့ကို ရက်ရောစွာ ပေးအပ်လှူဒါန်းခြင်း၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ထောက်ပံ့ပေးခြင်းများသည် ထိခိုက်ခံစားရသူများအတွက် စိတ်ဓာတ်ခွန်အားနှင့် ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည်လည်း ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လက်တွဲကာ ငလျင်ဒဏ်သင့် ပြည်သူများကို ကူညီပံ့ပိုးရေးအတွက် တတ်နိုင်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက် နေ့မှ ၂၂ ရက်နေ့အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့ခြင်းသည် ငလျင်ဒဏ်ခံစားရသည့် ဒေသများ၌ အရေးပေါ် လိုအပ်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုး ကူညီရန် ပိုမိုလွယ်ကူချောမွေ့စေခြင်း၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူ့အခွင့်အရေး အခန်းကဏ္ဍများကို အထောက်အကူဖြစ်စေခြင်းတို့ကြောင့် ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ထုတ်ပြန်ချက်အား ကော်မရှင်က ကြိုဆိုအပ်ပါသည်။

၄။ ပြင်းထန်ငလျင်ဒဏ်ကြောင့် ပြည်သူများ၏ အသက်အန္တရာယ်နှင့် လုံခြုံမှု ထိခိုက်ဆုံးရှုံးခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သန့်ရှင်းသောရေ အပါအဝင် အခြေခံလိုအပ်ချက်များ လုံလောက်မှုမရှိခြင်းနှင့်အတူ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်းစသည့် လူ့အခွင့်အရေးနှင့် ဆက်နွှယ်သော စိန်ခေါ်မှုများဖြစ် ပေါ်စေပါသည်။ အဆိုပါ စိန်ခေါ်မှုများနှင့် ပတ်သက်၍ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက လူ့အခွင့်အရေးနှင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ပေးရာတွင် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် ငလျင်ဘေး ထိခိုက်ခံစားရသူများ အားလုံးကို ခွဲခြားဆက်ဆံမှု မရှိဘဲ သာတူညီမျှရှိစေရေး အလေးပေးဆောင်ရွက်ကြပါရန် လူ့အခွင့်အရေးရှုထောင့်မှ တိုက်တွန်းပန်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက် (၅/၂၀၂၅)

ဧပြီလ ၁၇ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်) နေ့တွင် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၃၀/၂၀၂၅) ဖြင့် သတ်မှတ်ထားသော ပြစ်မှုများမှအပ အကျဉ်းသား/ အကျဉ်းသူများ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုပြီး အမိန့်အမှတ် (၃၁/၂၀၂၅) ဖြင့် အကျဉ်းသား/ အကျဉ်းသူ ၄၈၉၃ ဦး၏ ပြစ်ဒဏ်များကို လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုကာ လူသားချင်းစာနာ ထောက်ထားမှုကို အလေးထားလျက် အမိန့်အမှတ် (၃၂/၂၀၂၅) ဖြင့် ပြစ်ဒဏ်ကျခံနေသည့် နိုင်ငံခြားသား အကျဉ်းသား /အကျဉ်းသူ ၁၃ ဦးတို့ကို ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

၃။ နိုင်ငံတော်၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်နှင့် လွတ်ငြိမ်းခွင့်ပြုခြင်းများသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်ဖြစ်ပါသည်။ လွတ်ငြိမ်းခွင့်ရရှိသော နိုင်ငံသားများသည် လျောင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်နိုင်မည်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတွင်လည်း ပါဝင်နိုင်ကြမည်ဖြစ်ပါသည်။

၄။ နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များလျှော့ပေါ့ပြီး လွတ်ငြိမ်းခွင့် ပြုခြင်းသည် နိုင်ငံများ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာ ရောက်သည့်အပြင် သဘာဝဘေးအန္တရာယ် ကျရောက်သည့် အခြေအနေများတွင် ကမ္ဘာ့မိသားစုဝင်နိုင်ငံအချင်းချင်း လူသားချင်းစာနာထောက်ထားမှုဖြင့် ကယ်ဆယ်ရေးနှင့် ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့မှုများကိုလည်း အလေးထား အသိအမှတ်ပြုရာရောက်ပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ၏ မိသားစုဝင်များနည်းတူ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်နှင့် လွတ်ငြိမ်းခွင့်ပြုခြင်းများကို ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း

ဧပြီလ ၃ ရက်



ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၅) ကို ၃-၄-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အထူးဖိတ်ကြားထားသည့် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်တို့ တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ငလျင်ဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ခဲ့မှု အတွေ့အကြုံရှင်းလင်းပွဲပြုလုပ်ခြင်း



ဧပြီလ ၈ ရက်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ပြင်းထန်ငလျင် ဘေးသင့် ပြည်သူများအား အစားအသောက်နှင့်အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့ခြင်းနှင့် စပ်လျဉ်း၍ အတွေ့အကြုံရှင်းလင်းခြင်းကို ၈-၄-၂၀၂၅ ရက်နေ့၊ ၁၀:၃၀ နာရီအချိန်တွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ပြုလုပ်ခဲ့ပါသည်။

ရှင်းလင်းပွဲ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာတွင် လှုပ်ခတ်ခဲ့သည့် ငလျင်သည် အလွန်ပြင်းထန်ပြီး ပျက်စီးဆုံးရှုံး ရမှုများအတွက် စိတ်ထိခိုက်ရပါကြောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ သွားရောက်၍ ကူညီထောက်ပံ့ရေးပြုလုပ်ရန် အဖွဲ့ဖွဲ့စည်းပြီး တာဝန်ပေးစေလွှတ်ခဲ့ပါကြောင်း၊ ပါဝင်လှူဒါန်းခဲ့ကြသည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြသူများနှင့် ကိုယ်တိုင်သွားရောက် ကူညီထောက်ပံ့ပေးခဲ့ကြသူများအား အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း ပြောကြားပါသည်။

အတွေ့အကြုံရှင်းလင်းရာတွင် ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကိုမှ ၃-၄-၂၀၂၅ ရက်နေ့မှ ၅-၄-၂၀၂၅ ရက်နေ့အထိ ပြည်ထောင်စုနယ်မြေနေပြည်တော်သို့ သွားရောက်၍ပျဉ်းမနားမြို့ရှိပေါင်းလောင်းယာယီဆေးရုံနှင့် တပေါင်းကွင်းယာယီစခန်းရှိ ငလျင်ဘေးသင့်ပြည်သူများ၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုများနှင့် နေပြည်တော်ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းမိသားစုများအား သောက်ရေသန့်၊ ဆေးဝါး၊ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး အခမ်းအနားကို ၁၁:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဧပြီလ ၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ်ရေးဆွဲထားသောရှေ့လုပ်ငန်းစဉ်မူဘောင်ပါပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ

နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးသူရကျော်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော နယ်ထိန်း (အရာရှိ) သင်တန်းအမှတ်စဉ် (၃၆/၂၀၂၅) သို့ ၃-၄-၂၀၂၅ ရက်နေ့တွင် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသားဦးရေ ၅၀ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## Learning Management System (LMS) ရေးဆွဲထားမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ထည့်သွင်းရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း



ဧပြီလ ၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးပညာ ပေးရေးနှင့် အသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် Learning Management System (LMS) ရေးဆွဲထားမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ထည့်သွင်းရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၉-၄-၂၀၂၅ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင်ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်ကိုကို လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ပညာပေး ရေးဌာနမှ တာဝန်ရှိသူများ၊ e-Government ဌာနမှ တာဝန်ရှိသူများနှင့် Code X ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်မှ LMS ရေးဆွဲထားခြင်းနှင့် စပ်လျဉ်း၍ Admin အပိုင်းတွင် သင်တန်းများ ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သော data များ ထည့်သွင်းနိုင်ရေး ကိစ္စများ၊ လုံခြုံမှုနှင့် အချက်အလက် စီမံခန့်ခွဲမှုများကို ဆောင်ရွက်နိုင်ရန်နှင့် User အပိုင်းတွင် သင်တန်းသားများအနေဖြင့် သင်ခန်းစာများ ဝင်ရောက်လေ့လာရာတွင် အဆင်ပြေစွာ လေ့လာနိုင်ရန် လိုအပ်သည်များ မှာကြားခဲ့ပါသည်။ ထို့နောက် တာဝန်ရှိသူများက LMS ရေးဆွဲထားမှုအပေါ် လိုအပ်ချက်များ အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၁:၃၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ၁၃၈၇ ခုနှစ်၊ မြန်မာနှစ်သစ်ကူးအကြို အခမ်းအနားကျင်းပပြုလုပ်

ဧပြီလ ၁၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မြန်မာနှစ်သစ်ကူးအကြိုအခမ်းအနားအား ၁၁-၄-၂၀၂၅ ရက်နေ့၊ (၁၅:၃၀)နာရီအချိန် Conference Room တွင် ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ဇနီး ဒေါ်ခင်မီမီဝင်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကော်မရှင်ရုံးခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံး အရာထမ်းအမှုထမ်းများက မြန်မာ့ရိုးရာ သင်္ကြန်ရေပက်ဖြန်းခြင်း၊ ကော်မရှင်ရုံးဌာနများမှ ဧည့်ခံသည့် စတုဒီသာမုန့်များ အတူတကွ သုံးဆောင်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

## ၁၃၈၇ ခုနှစ် မြန်မာ့နှစ်ဆန်း (၁) ရက်နေ့ နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲကျင်းပခြင်း



ဧပြီလ ၁၇ ရက်

၁၃၈၆ ခုနှစ် မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာ ယူပွဲအား ၁၇-၄-၂၀၂၅ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး Conference Room ၌ လှိုင်မဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်မှ ဆရာတော် (၃) ပါးကို ပင့်ဖိတ်၍ ပရိတ်တရားတော် နာယူပွဲ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ ကြပါသည်။

အလားတူ ကော်မရှင်ရုံး (နေပြည်တော်ရုံးခွဲ) တွင်လည်း ဆရာတော် (၃) ပါး ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် လှူဖွယ်ပစ္စည်းများအား ဆပ်ကပ်လှူဒါန်းခဲ့ပါသည်။



## အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း




ဧပြီလ ၂၄ ရက်

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အင်ဒိုနီးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က ၂၃-၄-၂၀၂၅ ရက်နေ့မှ ၂၄-၄-၂၀၂၅ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ Hybrid Format ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ တီမောလက်စ်တေနှင့် အင်ဒိုနီးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-Person တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဦးဝင်းလှိုင်ဦးနှင့် ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာ ဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများက Video Conferencing စနစ် ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ ၂၁ ကြိမ်မြောက် နှစ်ပတ်လည်

အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ် တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ များ၊ ဖိုရမ်၏ အလှည့်ကျအတွင်းရေးမှူး တာဝန်ယူဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် သက်တမ်းကာလ သတ်မှတ်ခြင်းအတွက် အင်ဒိုနီးရှားနိုင်ငံမှ ဦးဆောင်ဆွေးနွေးမှုများ၊ ဖိုရမ်၏ website အတွက်ဆောင်ရွက်ရမည့် အခြေအနေများအား ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် ဖိုရမ်၏ ၂၁ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်း ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ဆွေးနွေးခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က ဦးဆောင် အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင်လူ့အခွင့်အရေးမြှင့်တင်ရန်နှင့်ကာကွယ်ရန်" ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ၂၈-၃-၂၀၂၅ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးသင့်ဒေသများတွင် ပျက်စီးဆုံးရှုံးခဲ့ရမှုများနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ငလျင်ဘေးသင့် ပြည်သူများအား ကူညီထောက်ပံ့ပေးခဲ့မှုများကို ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့သည်။

ဖိုရမ်၏ ဒုတိယအကြိမ်မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့တို့တွင် ကျင်းပသွားရန်၊ ဖိုရမ်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်သွားရန် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် သဘောတူညီခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



ဧပြီလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ကို ၂၉-၄-၂၀၂၅ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင်ကော်မရှင်ဥက္ကဋ္ဌကအဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပထမ (၃) လပတ် ထောက်ပံ့ငွေစာရင်းသုံးစွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခြင်း

ဧပြီလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပထမ (၃) လပတ် ထောက်ပံ့ငွေစာရင်းသုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့၊ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပရာ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်



ကျ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံများနှင့် ဘဏ္ဍာရေးဌာနခွဲမှ အရာထမ်းများ တက်ရောက်ကြပါသည်။

အစည်းအဝေးအစီအစဉ်အရ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်က ဌာန (၆) ခုမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဝယ်ယူရန်တင်ပြထားသည့်စာရင်းများအား ငွေစာရင်းခေါင်းစဉ်အလိုက် တင်ပြဆွေးနွေးပါသည်။ ထို့နောက် စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနတာဝန်ခံက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့အသုံးစရိတ်ရရှိမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး ဌာနတာဝန်ခံများက မိမိဌာနအလိုက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဝယ်ယူရမည့် ပစ္စည်းများအား တင်ပြ ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ငွေစာရင်း ခေါင်းစဉ်အလိုက် ပထမ(၃)လပတ်ကာလအတွင်း ဝယ်ယူရမည့် ပစ္စည်းများအား အပြီးသတ်ဝယ်ယူနိုင်ရေး ဆုံးဖြတ်ချက်များအား ချမှတ်ဆောင်ရွက်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ၁၅:၂၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံးချုပ်(ရန်ကုန်) တွင် ခန့်ထားနိုင်ရေး အငယ်တန်းစာရေးနှင့် ရုံးအကူများလူတွေ့စစ်ဆေးခြင်းများပြုလုပ်ခြင်း

ဧပြီလ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေးနှင့် ရုံးအကူရာထူးနေရာများအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကော်မရှင် ရုံးချုပ်၊ (ရန်ကုန်) တွင်ခန့်အပ်နိုင်ရေး အရည်အချင်းစစ်ဆေးခြင်းကို ၂၅-၄-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန် Conference Room တွင်လည်းကောင်း၊ ၁၃:၀၀ နာရီအချိန် ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်းကို Media Room တွင်လည်းကောင်း ကျင်းပဆောင်ရွက်ခဲ့ပါသည်။ လူတွေ့ဖြေဆိုအောင်မြင်သည့် အငယ်တန်းစာရေးနှင့် ရုံးအကူများကို ကော်မရှင်ရုံးလုပ်ထုံးလုပ်နည်း များနှင့်အညီ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ခန့်အပ်သွားမည်ဖြစ်ပါသည်။



SUSTAINABLE DEVELOPMENT GOALS




စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

Goal (7) Affordable and Clean Energy

ပန်းတိုင် (၇) လူသားတိုင်း လက်လှမ်းမီမှုရှိသော၊ စိတ်ချရသော၊ ရေရှည် တည်တံ့ခိုင်မြဲသော၊ ခေတ်မီစွမ်းအင် ရရှိရေး။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

ဧပြီလ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် ၂၈-၄-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အား အသုံးပြုမှုများ လေလွင့်မှုမရှိစေရေး၊ ကော်မရှင်ရုံးအတွင်း အဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦ အမှတ် (၂)၊ (၂) ထပ်ဆောင်နှင့် ဌာန(၆)ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။



## ကော်မရှင်ရုံးခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဧပြီလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲအမှတ်စဉ် (၄/၂၀၂၅) အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ခေတ္တညွှန်ကြားရေးမှူးချုပ်က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ဝန်ထမ်းများတွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ၈၉ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၁၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဧပြီလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၃/၂၀၂၅) ၌ ၃၀-၄-၂၀၂၅ ရက်နေ့တွင် ၀၇:၃၀နာရီမှ ၀၉:၅၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသားဦးရေ ၂၀၆ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း စုစုပေါင်း တိုင်တန်းချက် (၆) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ်ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၁) စောင်ကို သက်ဆိုင်ရာဝန်ကြီးဌာနသို့လည်းကောင်း၊ တိုင်တန်းချက် (၁) စောင်ကို ကာယကံရှင်ထံသို့ လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၄) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။

*****

# ENGLISH SECTION

Vol. 4, No. 5, MAY 2025

## Myanmar National Human Rights Commission Statement No. (4/ 2025)

April 4

1. On Friday, 28 March 2025, at 12:51:02 PM, a powerful earthquake and its subsequent aftershocks struck Myanmar, causing significant loss of lives and properties, as well as numerous injuries. The Myanmar National Human Rights Commission deeply sympathizes and shares in the grief of the people over the destruction of lives and homes, as well as the profound sorrow experienced by the entire nation.

2. In the areas affected by the earthquake, residential buildings, houses, government offices, universities, schools, pagodas, religious structures, cultural heritage buildings, roads, bridges, wells, and ponds were damaged or destroyed. Since the earthquake occurred, the Government, the National Disaster Management Committee, local and international rescue teams, military personnel, police forces, firefighters, Red Cross members, volunteer organizations, and the public have been actively engaged in emergency response efforts. Generous donors and volunteers have also provided financial aids, medical supplies, and other essential resources, while international aid has provided crucial support to the victims. These efforts have strengthened the resilience of those affected and helped them rebuild their lives. The Myanmar National Human Rights Commission is also collaborating with relief organizations and conducting its part to support earthquake victims within its capacity.

3. With empathy and understanding towards the people across the country who are suffering due to the impact of the earthquake, and intending to carry out rescue and recovery operations effectively and efficiently, as well as to restore stability and peace, Tatmadaw has declared a temporary ceasefire period from 2 to 22 April 2025. The ceasefire contributes to maintaining the rule of law, stability, and human rights protection in the impacted areas. The Myanmar National Human Rights Commission welcomes this announcement, recognizing its significance in supporting humanitarian assistance and ensuring peace and security during this critical period.

4. The devastating earthquake has led to severe threats to people's lives and security, leaving many homeless and without access to essential needs such as food, clothing, medicine, healthcare, and clean water. Additionally, the disaster has caused both physical and psychological distress, creating significant human rights related challenges. In response to these challenges, the Myanmar National Human Rights Commission urges all relevant authorities, organizations, and the public, from the human rights perspectives, to ensure that human rights and humanitarian assistance is provided equitably, without discrimination, to all those affected including the vulnerable groups such as children, women, the elderly, and persons with disabilities.

**Myanmar National Human Rights Commission**

## Myanmar National Human Rights Commission Statement No. (5/2025)

April 17

1. On the occasion of the Myanmar New Year, on the 5th Waning of Tagu, 1387 Myanmar Era (17 April 2025), the Chairman of the State Administration Council granted pardons as a gesture to mark the New Year, to bring peace of mind to the public, to extend social compassion, and to foster understanding of the State's goodwill and benevolence, as well as to encourage participation in nation-building activities. Under Order No. (30/2025), a one-sixth remission of the remaining prison terms was granted to prisoners except those convicted of specific crimes. Additionally, under Order No. (31/2025), the sentences of 4893 prisoners were commuted and pardoned.

2. Furthermore, in consideration of maintaining friendly international relations and promoting humanitarian consideration, Order No. (32/2025) granted sentence remissions and pardons to 13 foreign prisoners, who were then deported.

3. The State's granting of remissions and pardons reflects a positive human rights initiative. Citizens who received pardons would be able to contribute to the rehabilitation and reconstruction of areas affected by earthquakes and also participate in the building of a democratic and federal union.

4. The remission and pardon of sentences for foreign prisoners not only promotes peaceful coexistence but also acknowledges and appreciates the mutual humanitarian assistance, disaster relief and rescue efforts extended among member countries of the global community in time of natural calamities.

5. The Myanmar National Human Rights Commission would like to express joyfulness alongside the families of those granted amnesty, welcomes the sentence remissions and pardons, and issues this statement accordingly.

**Myanmar National Human Rights Commission**

---

## MNHRC Gives Human Rights Lecture at Police Officer Tactical Training Institute (Mandalay)

April 3

The Myanmar National Human Rights Commission (MNHRC) is continuously carrying out activities to effectively implement the promotion and protection of human rights, in accordance with Section 22 (a) of the Commission Law. The Commission has developed an operational plan aligned with the goals and objectives outlined in its framework of Action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly.

U Thura Kyaw, Director of the Commission Office, gave the lectures on human rights at the Surveillance Officer Course No. (36/ 2025), which commenced at the Police Officer Tactical Training Institute (Mandalay) on 3 April 2025 from 7:30 to 9:50. In this context, the Director focused the lectures on Human Rights Concept, Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. The lecturer responded to questions from the trainees. A total of 50 officers attended the aforementioned course.

e-Newsletter, Vol. 4, No. 5, May 2025

## Myanmar National Human Rights Commission attends the First Technical Working Group Meeting of the Southeast Asia National Human Rights Institutions Forum

April 24

The First Technical Working Group Meeting of the Southeast Asia National Human Rights Institutions Forum (SEANF), 2025 was held in a hybrid format from 23 to 24 April, 2025, hosted by the Indonesia National Commission on Human Rights (Komnas HAM), the alternate chair of the Forum in Jakarta, Indonesia.

Representatives from SEANF member National Human Rights Institutions, namely Indonesia National Commission on Human Rights (Komnas HAM), Human Rights Commission of Malaysia (SUHAKAM), Commission on Human Rights of the Philippines (CHRP), National Human Rights Commission of Thailand (NHRCT), and Provedor for Human Rights and Justice of Timor-Leste (PDHJ), attended the meeting in person. Dr. Than Myint, U Win Hlaing Oo, Commissioners of the Myanmar National Human Rights Commission (MNHRC), Acting Director-General of the Commission Office, Director of International Relations Division and staff participated via Video Conferencing.

During the meeting, participants discussed, a range of topics, including updates on major developments and activities since the 21st SEANF Annual General Meeting, updates from SEANF members on their progress in implementation of the five priority issues of 2022-2026 SEANF Strategic Plan in which they have taken lead role for respective priority area. Additional topics included guidelines for the rotating secretariat, the term of the Forum's chair, and updates on the development of SEANF's website were discussed.

At the meeting, Dr. Than Myint, Commissioner of the MNHRC presented the major developments and activities of MNHRC on promotion and protection of human rights since the 21st Annual General Meeting of the SEANF. Dr. Khine Khine Win, Acting Director-General of the Commission Office also shared updates on the MNHRC's leadership in Priority No. 2 of the SEANF Strategic Plan: "Promoting and Protecting Human Rights in Business." Furthermore, the MNHRC discussed its relief efforts for victims of the 28 March, 2025 earthquake highlighting the support provided to affected communities.

The meeting reached a preliminary agreement to hold the Second Technical Working Group Meeting on 22-23 July, 2025 and the SEANF Annual General Meeting for 2025 from 18-20 November, 2025.

## Officers Lectured at Police Officer Tactical Training Institute (Mandalay)

April 30

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, U Zaw Lwin Htoo, the Director of the Commission Office, gave the lectures on human rights at the Investigation Officer Training Course No. (83/ 2025) hosted by the Police Officer Tactical Training Institute (Mandalay) on 30 April 2025 from 07:30 to 09:50. In this regard, the Director delivered the lectures on Human Rights Concept, Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. The lecturer was followed by the question and answer section. A total of 206 officers attended the course mentioned above.

## Status of Handling Complaints

During April 2025, MNHRC received Complaints 6 complaints on the violations addressed to the Commission. The complaint investigation team held 3 complaint screening meetings for examining the complaints and 1 complaint were referred to the departments concerned. In 1 case, the complainants were advised on more appropriate remedies. The 4 cases were recorded in accordance with the MNHRC Law.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဗ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

| နေပြည်တော် (ရုံးခွဲ) | မန္တလေး(ရုံးခွဲ) | စစ်တွေ (ရုံးခွဲ) | ပုသိမ် (ရုံးခွဲ) |
|---|---|---|---|
| သဇင်လမ်းနှင့်ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။<br>ဖုန်း- ၀၆၇၃၄၃၂၅၉၅ | ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။<br>ဖုန်း- ၀၉၅၃၄၃၆၅၀ | ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။<br>ဖုန်း- ၀၉၄၂၅၈၆၀၀၀၈ | အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။<br>ဖုန်း- ၀၄၂၂၉၃၂၇ |

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm